**Press Release**

## ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းခြင်းဖြင့် ၂၀၁၉ ခုနှစ်၏ ပထမလေးလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည် ၄.၂% တိုးတက်

**ရန်ကုန် - ဇွန်လ ၆ ရက်၊ ၂၀၁၉ ခုနှစ် -** ခရီးစဉ်သစ်များတိုးချဲ့ပျံသန်းခြင်းနှင့်အညီ မြန်မာနိုင်ငံ၏ အစည်ကားဆုံးနိုင်ငံတကာလေဆိပ်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၉ ခုနှစ်၏ ပထမ လေးလ အတွင်း ခရီးသည်ပေါင်း ၂.၃၂ သန်းကို လက်ခံဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူတွင် လက်ခံဂန်ဆောင်မှု ပေးခဲ့သော ခရီးသည်ပမာဏ ၂.၂၂ သန်း နှင့်ယှဉ်လျှင် ၄.၂% တိုးတက်လာသည်ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited (YACL) မှ ထုတ်ပြန်ကြေညာလိုက်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း တိုးတက်လာသော အပြည်ပြည်ဆိုင်ရာ ခရီးသွားပမာဏသည် ယခင်နှစ်ထက် ၇.၉% တိုးတက်လာပြီး ပြည်တွင်းခရီးသွားပမာဏသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃.၁% ကျဆင်းသွားသည်ဟု YACL မှ ထုတ်ပြန်လိုက်ပါသည်။




*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၉ ခုနှစ်၏ ပထမလေးလအတွင်း ခရီးသည်ပေါင်း ၂.၃၂ သန်းကို လက်ခံဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။*

YACL သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံတကာခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲပျံသန်းနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် မေလအထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၀ ခုအား လက်ခံဝန်ဆောင်မှုပေးလျက်ရှိပြီး အာရှဒေသတွင်းနိုင်ငံ ၁၁ နိုင်ငံမှ မြို့ကြီး ၂၈ ခုနှင့် ခရီးစဉ်များ ချိတ်ဆက်ပြေးဆွဲပျံသန်းလျက်ရှိပါသည်။ ယခင်နှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေကြောင်းလိုင်း ၂၇ ခုအား လက်ခံဝန်ဆောင်မှုပေးခဲ့ပြီး နိုင်ငံ ၁၁ နိုင်ငံရှိ မြို့ကြီး ၂၂ ခုနှင့် ခရီးစဉ်များ ချိတ်ဆက်ပြေးဆွဲပျံသန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် China Eastern လေကြောင်းလိုင်းမှ မွန်ဂိုလီးယားဒေသတွင်းရှိ ဟူးဟာန်မြို့မှ ရန်ကုန်မြို့သို့ ကူမင်းမြို့မှတစ်ဆင့် ချိတ်ဆက်ပျံသန်းသည့် ခရီးစဉ်အား စတင်ပြေးဆွဲခဲ့ပြီး တစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲပျံသန်းလျက်ရှိပါသည်။ အဆိုပါခရီးစဉ်သည် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ချိတ်ဆက်ပျံသန်းလျက်ရှိသော China Eastern လေကြောင်းလိုင်း၏ တတိယမြောက် အပြည်ပြည်ဆိုင်ရာခရီးစဉ်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်တွင်လည်း Sichuan လေကြောင်းလိုင်း၏ ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ချိတ်ဆက်ပျံသန်းသော တတိယမြောက် အပြည်ပြည်ဆိုင်ရာခရီးစဉ်ဖြစ်သည့် ရန်ကုန် - ချန်ဒူး ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့ပြီး တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲပျံသန်းလျက်ရှိပါသည်။

"ပြည်တွင်းလေကြောင်းခရီးသွားနှုန်းတိုးတက်မှုလျော့ကျသွားပေမယ့် ကျွန်တော်တို့ရဲ့ ပြည်ပခရီးစဉ်တွေ တိုးချဲ့ပျံသန်းမှုက တိုးတက်အောင်မြင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကအပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်ဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ YACL အနေနဲ့ မကြာခင်မှာ အာရှဒေသတွင်းခရီးစဉ်သစ်တွေ ပိုမိုတိုးချဲ့ပျံသန်းနိုင်ဖို့ကိုလည်း အားထုတ်ဆောင်ရွက်နေပါတယ်။" ဟု YACL မှ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong မှ ပြောကြားပါသည်။

"YACL အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ခရီးသွားပမာဏတိုးတက်လာမှုအပြင် ခရီးသည်များ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ဘေးကင်းလုံခြုံရေးနဲ့ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ ဆက်လက်တိုးမြှင့်ပေးစွမ်းနိုင်ဖို့ တစိုက်မတ်မတ်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ ဦးတည်ချက်က နိုင်ငံတကာအဆင့်မီစီမံခန့်ခွဲမှုတွေနဲ့ ခရီးသည်တွေအတွက် စိတ်ကျေနပ်ဖွယ်ရာ ခရီးသွားအတွေ့အကြုံများ ပေးစွမ်းနိုင်ဖို့ပဲ ဖြစ်ပါတယ်။" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited ("YACL") အား လေဆိပ်လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် နိုင်ငံတွင်းလိုအပ်ချက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်နေမှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းမြန်ဆန်ထိရောက်မှုဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများအတွက် လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ်(Aerodrome Certification) ကို ပေးအပ်ခဲ့ပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဂင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ  နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇  ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃  ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၀ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၂ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။